**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the Post Election (071/2011)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၇၁/၂၀၁၁)

၂၀၁၁ ခုနှစ်၊ မေလ (၂၉) ရက်နေ့မှ ၂၀၁၁ ခုနှစ် ဇွန်လ (၀၄) ရက်နေ့အထိ

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

- သမ္မတ ဦးသိန်းစိန်က အစိုးရထိပ်တန်း အဆင့်မြင့်အရာရှိ ၁၆ ဦးပါဝင်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) အသစ် ပြင်ဆင်ဖွဲ့စည်းမှုကို လွန်ခဲ့သည့် ဧပြီလ၂၀ ရက်က အမိန့်ကြေညာချက် အမှတ် ၃၃/၂၀၁၁ ဖြင့် ထုတ်ပြန်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းလိုက်ကြောင်း ဝန်ကြီးဌာန အသိုင်းအဝိုင်းက ပြောသည်။ (Irrawaddy 300511) Read More...
- ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် ဘင်္ဂလာဒေ့ရှ်မှ ပြန်ဝင်လာသော ဒုက္ခသည်များကို ပြန်လည်နေရာချထားရေး အစီအစဉ်အရ UNDP မှ ဆင်းရဲသား မိသားစုများကို ထောက်ပံ့နေသော ငွေအချို့ကို အာဏာပိုင်များက မေလ ၂၈ ရက်နေ့က တစ်အိမ်ထောင်လျှင် ၁၀၀၀ ကျပ်စီ လိုက်လံကောက်ခံခဲ့သည်ဟု ရွာသားတစ်ဦးက ပြောသည်။ (Narinjara 300511) Read More...
- နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ တရုတ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံ အကျိုးတူ ကိစ္စရပ်များနှင့် ပတ်သက်၍ အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး တရုတ်- မြန်မာ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်နိုင်ငံများအဖြစ် (Com- prehensive Strategic Coopera- tive Partnership) ထူထောင်ရန် သဘောတူညီခဲ့ကာ ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။ (EMG 010611) Read More...
- အစိုးရသစ် အာဏာပိုင်များက နေပြည်တော် ဝန်ထမ်းများအသုံးပြုမည်ဟုဆိုကာ ရှမ်းပြည်မြို့တော် တောင်ကြီးမြို့ရှိ လိုင်စင်မဲ့ကား ၁၅၀၀ စီး ဖမ်းပေးရန် အမိန့်ထုတ်ထားသည်ဟု အာဏာပိုင်များနှင့် နီးစပ်သည့် တောင်ကြီးမြို့ခံတစ်ဦးက ပြောသည်။ (S.H.A.N 010611) Read More...
- အေးရှားဝေါလ်နှင့် တရုတ်နိုင်ငံ စွမ်းအင် ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း CPI ကိုယ်စားလှယ်များက လွန်ခဲ့သည့် ဧပြီလတွင် ဒေသခံကက်သလစ် ဘာသာဝင်များ အထွတ်အမြတ်ထားရာ လက်ဝါးကပ်တိုင်အား ကချင်ပြည်နယ် ဧရာဝတီ မြစ်ဆုံရေကာတာ စီမံကိန်းအတွင်းရှိနေသဖြင့် ပြောင်းရွှေ့ပေးရန် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန် ငန်ဆိုင်းက ညွှန်ကြားလာကြောင်း မြစ်ဆုံဒေသခံများက ပြောသည်။ (Mizzima 020611) Read More…
- နေပြည်တော်ရှိ လွှတ်တော်ရုံးခန်းမ၌ မေလ ၂၃ ရက်နေ့တွင် စတင်ကျင်းပခဲ့သော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ များ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲများအရ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသော အစိုးရအဖွဲ့ ဖြစ်ပေါ်လာရေးအတွက် အလားအလာကောင်းများ၊ အခွင့်အလမ်းကောင်းများ ရရှိလာကြောင်း အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဖြစ်သူ ဒေါက်တာအေးမောင်က ပြောသည်။ (Myanmar Times Vol.26, No.520 03-090611) Read More...

- စစ်ကိုင်းတိုင်းဒေသကြီး ဖန်ကြီးချုပ်သာအေးနှင့် အဖွဲ့များသည် လွန်ခဲ့သည့် မေလ ၁၈ ရက်နေ့က ပထမဆုံးအကြိမ် နယ်လှည့်ခရီးစဉ်အတွင်း ချင်းကျေးရွာများကို ဦးစားပေးသွားခဲ့ကြောင်း ဒေသခံများကပြောသည်။ (Khonumthung 040611) Read More...
- ဦးသိန်းစိန်အစိုးရသည် မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံရေး ပြေလည်ရန်ထက် ၎င်းတို့အစိုးရကို ထောက်ခံအားပေးမည့် ကမ္ဘာ့အင်အားကြီး နိုင်ငံကို ရှာဖွေနေခြင်းဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအင်အားစု NLD ခေါင်းဆောင်တစ်ဦးဖြစ်သည့် သတင်းစာဆရာကြီး ဦးဝင်းတင်က သုံးသပ်ပြောဆိုလိုက်သည်။ (RFA 040611) Read More...

## တပ်မတော်၏လှုပ်ရှားဆောင်ရွက်ချက်များ

- ရှမ်းပြည်မြောက်ပိုင်းရှိ ကချင်လွတ်မြောက်ရေးအဖွဲ့ KIA တပ်ရင်း ၉ အနီးသို့ မြန်မာစစ်တပ် တပ်ကူတပ်ရင်း ၂ ခု တိုးလာသည်ဟု ဒေသခံများပြောသည်။ (KNG 300511) Read More...
- ကရင်နီပြည်တွင် ဖောက်ခွဲရေးသမားများ ရှိနိုင်သည်ဟု အကြောင်းပြ၍ လွိုင်ကော်မြို့မှ တခြားမြို့များနှင့်ပြည်နယ်သို့သွားလာသည့် ခရီးသည်များအား အစိုးရစစ်တပ်မှ တင်းတင်းကြပ်ကြပ် စစ်ဆေးနေသည်ဟု ဒေသခံများက ပြောသည်။ (KT 310511) Read More...
- ချင်းပြည်နယ် အထက်ပိုင်း ထန်တလန်မြို့နယ် လုံလဲရ်တပ်စခန်း အခြေစိုက် ခလရ (၂၆၉) စစ်သားများသည် နယ်လှည့်ခရီးထွက်ရာတွင် ၎င်းတို့၏အသုံးဆောင်ပစ္စည်းများသယ်ဆောင်ရန် ဒေသခံရွာသားများကို ဆက်လက်အသုံးပြုနေသည်ဟု ဒေသခံတစ်ဦးက ပြောသည်။ (Khonumthung 040611) Read More...

## ပြည်သူ့စစ်နှင့်နယ်ခြားစောင့်တပ်ဖွဲ့များ

- ကရင်ပြည်နယ် မြိုင်ကြီးငူဒေသအတွင်းရှိ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏ တံဆိပ်ပေါင်းဖြစ်သည့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA ဝတ်စုံတံဆိပ်ကို မေလ ၂၉ ရက်နေ့က တရားဝင်ပြန်လည်တပ်ဆင်ခွင့်ရရှိခဲ့ပြီး အခြားမြို့များသို့ သွားပါက နယ်ခြားစောင့်တပ်ဝတ်စုံဝတ်ရမည်ဖြစ်သည်။ (DVB 300511) Read More...

## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- 'ပင်လုံစာချုပ်နှင့် ပြည်ထောင်စုစိတ်ဓာတ်' ဆိုသည့် ခေါင်းစဉ်ဖြင့် စာတမ်းများ ပြုစုရေးသားရန် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ CRPP က ပြည်တွင်းပြည်ပ လူငယ်များနှင့် ပညာရှင်များကို တိုက်တွန်းလိုက်ကြောင်း CRPP အတွင်းရေးမှူး ဦးအေးသာအောင်က ပြောသည်။ (RFA 290511) Read More...
- ရန်ကုန်တိုင်း သုံးခွမြို့တွင် လူမှုရေးအကူအညီပေးနေသူများနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD လူမှုရေးအဖွဲ့ပူးပေါင်း၍ မေလ ၂၈ ရက်နေ့က ဥပဒေပညာပေးသင်တန်းတစ်ရပ်ကို ဖွင့်လှစ်ခဲ့ကြောင်း လူမှုရေးအကူအညီ ဆောင်ရွက်နေသည့် ဦးတင်လှက ပြောသည်။ (BBC 290511) Read More...
- ဒီပဲယင်း အရေးအခင်း ၈ နှစ်ပြည့် နှစ်ပတ်လည် ဆွမ်းကျွေးပွဲနှင့် အမျှအတမ်းပေးဝေပွဲကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD က မန္တလေးမြို့အနောက် ခင်မကန်ကျောင်းတိုက်၌ ကျင်းပခဲ့ရာ NLD မန္တလေးတိုင်း ဥက္ကဋ္ဌ ဦးသိန်းတန်နှင့် စစ်ကိုင်းတိုင်း ဥက္ကဋ္ဌ ဦးဘဘာအပါအဝင် ဗဟိုအလုပ်အမှုဆောင်၊ ဗဟိုအမျိုးသမီးအဖွဲ့ဝင်များနှင့် ပါတီဝင် ၁၅၀ ခန့်မှ သံဃာတော် ၁၈ ပါးအား နေ့ဆွမ်းကပ်ခဲ့ကာ ဒီပဲယင်း အရေးအခင်းအတွင်း သေဆုံးခဲ့သူများအတွက် အမျှအတမ်းပေးဝေခဲ့ကြကြောင်း မန္တလေးတိုင်း NLD လူငယ်အကူအညီပေးရေးအဖွဲ့ဝင် ကိုမြင့်မော်ကပြောသည်။ (Mizzima 300511) Read More..., Irrawaddy
- တောင်းဆိုချက် ၄ ချက်ဖြစ်သော အထွေထွေ လွတ်ငြိမ်းချမ်း သာခွင့်ပေးရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရန် ဖော်ဆောင်ရေး၊ တိုင်းရင်းသား လက်နက်ကိုင်များအပေါ် တန်းတူညီတူ ဆွေးနွေးညှိနှိုင်းရေးကို မေ ၃၀ ရက်မှစ၍ အစာတတ်ခံ ဆန္ဒပြသွားမည်ဟု စစ်ကိုင်းတိုင်း ခန္တီးထောင်တွင် အကျဉ်းကျနေသည့် ဘိုကလေးမြို့နယ် NLD လူငယ် ကိုနေဝင်းစိုးက ပြောဆိုကြောင်း မကြာသေးခင်က ယင်းထောင်မှ ပြန်လွတ်လာသည့် ပါတီတူလူငယ် ကိုစိုင်းမင်းသိန်းက ပြောသည်။ (Mizzima 310511) Read More...

- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မေလ ၃၀ ရက်နေ့တွင် ဟောင်ကောင် တက္ကသိုလ် ကျောင်းသူ ကျောင်းသားများနှင့် အင်တာနက် ဗီဒီယိုကတဆင့်ဆက်သွယ်ပြောဆိုဆွေးနွေးခဲ့ရာ လက်ရှိမြန်မာနိုင်ငံ အခြေအနေနှင့် နိုင်ငံရေးအကျဉ်းသားများအကြောင်း မေးမြန်းဖြေဆိုခဲ့ကြသည်။ (RFA 310511) Read More...
- အမေရိကန် ဆီးနိတ်အမတ် ဂျွန်မက်ကိန်း John McCain သည် အခြားသော သံတမန်များထက်ပို၍ ပွင့်လင်းမှုရှိသောကြောင့် မြန်မာ့အရေး လာရောက်ဆွေးနွေးသည်မှာ အင်အားသစ်တစ်ခု တိုးလာခြင်းဖြင်းကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ခေါင်းဆောင် ဦးဝင်းတင်က ပြောသည်။ (Mizzima 010611) Read More...
- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် မကြာမီ ပြုလုပ်မည့် ခရီးစဉ်အတွင်း အသက်အန္တရာယ် မကျရောက်စေရေးအတွက် နိုင်ငံသားအားလုံး အထူးသတိရှိကြရန် NLD လူငယ်များနှင့် နိုင်ငံရေးတက်ကြွသူများက နှိုးဆော်လျက်ရှိကြောင်း NLD လူငယ် ခေါင်းဆောင်တဦးဖြစ်သူ ကိုရာဇာကပြောသည်။ (Irrawaddy 030611) Read More...
- အစိုးရ ကိုယ်တိုင်က ဆန္ဒရှိမှသာ အမျိုးသား ပြန်လည်သင့်မြတ်ရေးကိစ္စများ ပေါ်ပေါက်လာနိုင်မည်ဖြစ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဇွန်လ (၂) ရက်နေ့တွင် ပြောကြားလိုက်သည်။ (RFA 030611) Read More...
- မြန်မာနိုင်ငံကို ရောက်ရှိနေသည့် အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းသည် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ခေါင်းဆောင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ CRPP အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီ ကိုယ်စားလှယ်များနှင့် ဇွန်လ ၂ ရက်နေ့က တွေ့ဆုံခဲ့သည့်အပေါ် ကျေနပ်အားရကြောင်း NLD ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ (RFA 030611) Read More...

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကရင်ပြည်နယ်၊ မြဝတီမြို့တောင်ဘက်ရှိ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် KNLA ပူးပေါင်းတပ်များသည် အစိုးရတပ်များနှင့် မေလ ၂၈ ရက်နေ့က ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ အရာခံဗိုလ်တစ်ဦးကျဆုံးပြီး တပ်သား ၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း KNLA တပ်ရင်း ၂၀၁ မှ အရာရှိတစ်ဦးက ပြောသည်။ (BBC 290511) Read More...
- ကချင်ပြည်နယ် အရှေ့တောင်ဘက် မန်စီမြို့နယ် အတွင်းရှိ (KIA) တပ်ရင်း၂၇ ထိန်းချုပ် ထားသောဒေသတွင် မေလ ၂၇ ရက်နေ့က အစိုးရစစ်တပ် ခြေလျင်တပ်ရင်း (ခလရ ) ၁၀၅ တပ်ဖွဲ့ဝင်များအကြား ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီးနောက် ၎င်းတို့ (KIA) တပ်ဖွဲ့များက စစ်အင်အား တိုးချဲ့၍ စစ်ရေးပြင်ဆင်မှုများ ပြုလုပ်ထားသည်ဟု (KIO) တွဲဖက် အတွင်းရေးမှူး ဦးလနန်က ပြောသည်။ (Irrawaddy 300511) Read More ..., KNG
- ဗိုလ်ချုပ်စောလားဘွယ်၏ တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် DKBA အဖွဲ့နှင့် တခြားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ ပူးပေါင်း၍ လှိုင်းဘွဲ့မြို့နယ် သံလွင်မြစ်အနီးရှိ DKBA ဌာနချုပ်ကို လွှန်ခဲ့သည့် မေ ၂၄ ရက်နေ့မှစတင်ကာ ပြန်လည်သိမ်းပိုက်လိုက်သည်ဟု DKBA အဖွဲ့မှ ဗိုလ်မှူးကျော်သက်က ပြောသည်။ (RFA 300511) Read More...
- မြန်မာစစ်တပ်နှင့် စစ်မက်ဖြစ်ပွားလာပါက တုန့်ပြန် တိုက်ခိုက်နိုင်ရန်အတွက် ကချင်ပြည် လွတ်လပ်ရေးအဖွဲ့ KIO မှ အရံအရပ်သား လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သော ပြည်သူ့စစ်တပ်ဖွဲ့များကိုပါ အသင့်ပြင်ဆင်ထားသည်ဟု KIO နှင့် နီးစပ်သူတစ်ဦးက ပြောသည်။ (S.H.A.N 010611) Read More...
- လက်နက်ခဲယမ်းများ ဝယ်ယူရန်အတွက်ဆိုကာ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် DKBA က ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်း ဇွန် ၁ ရက်နေ့က ခရီးသည်တင် ကားပိုင်ရှင်များထံမှ ကားတစီးကို ၁ သိန်း အကူအညီ တောင်းခံခဲ့သည်ဟု DKBA ကလို့ထူးဘောဗျူဟာ (၁)၊ အမှတ် ၉၀၇ ဒုရင်းမှူး ဗိုလ်မှူးကော့ဒိုစိုးက ပြောသည်။ (Mizzima 020611) Read More...
- သျှမ်းပြည်တပ်မတော် SSPP/SSA နှင့် မြန်မာတပ်တို့အကြား တိုက်ပွဲပြင်းပြင်းထန်ထန်ဆက်လက်ဖြစ်ပွားနေသောကြောင့် မြန်စစ်တပ်ဘက်က ဓါတုလက်နက် စတင်အသုံးပြုလာသည်ဟု အမည်မဖော်လိုသည့် SSPP/SSA အရာရှိတစ်ဦးက ပြောသည်။ (S.H.A.N 030611) Read More..., Irrawaddy..., RFA...

(ဂ) ပြည်ပအင်အားစုများ

- အကျဉ်းသား အခွင့်အရေးအတွက် အစာငတ်ခံဆန္ဒပြသူ အကျဉ်းသား ၁၇ ဦး အစာပြန်စားပြီဟုသော အင်းစိန်အကျဉ်းဦးစီးဌာန၏ ရန်ကုန်အခြေစိုက် ဂျာနယ်အချို့မှတဆင့် ရှင်းလင်းချက်သည် မမှန်ကန်နိုင်ကြောင်း နိုင်ငံရေးအကျဉ်းသား ကူညီစောင့်ရှောက်ရေး အသင်း (မြန်မာနိုင်ငံ) AAPP - B က ပြောဆိုလိုက်သည်။ (Mizzima 310511) Read More...
- အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း၏ သုံးရက်ကြာ မြန်မာပြည် ခရီးစဉ်ကို ကြည့်လျှင် မြန်မာအစိုးရသည် အမေရိကန်နှင့် မြန်မာအကြား ဆက်ဆံရေးပိုကောင်းလာစေရန် ကြိုးပမ်းရင်း တဘက်သည်လည်း တရုတ်နိုင်ငံနှင့် နီးကပ်သည့် ဆက်ဆံရေးကို ဆက်ထိန်းထားလိုကြောင်း ဗမာပြည် ကွန်မြူနစ်ပါတီ ပြောခွင့်ရပုဂ္ဂိုလ် ရဲဘော်ဖိုးသံချောင်းက ပြောသည်။ (RFA 040611) Read More...

နိုင်ငံရေးအဖွဲ့အစည်းများ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- ဖားကန့်မဲဆန္ဒနယ်တွင် မဲလိမ်ပြီး အနိုင်ရသူဟု စွပ်စွဲခံရသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP အောက် လွှတ်တော်အမတ် ဦးအုန်းမြင့်က ဖားကန့်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ပေးမည်ဟု ကတိပေးသဖြင့် အမှုကိုပြန်လည်ရုပ်သိမ်းကြောင်း တရားလိုဖြစ်သူ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ NDF မှ ဒေါ်ဘောက်ဂျာက ပြောသည်။ (Mizzima 020611) Read More... Irrawaddy
- ပဲခူးတိုင်း ဇီးကုန်းမြို့နယ်က ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ ရွေးချယ်ရာတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ တာဝန်ရှိပုဂ္ဂိုလ်များ ဝင်ရောက်စွက်ဖက်နေကြောင်း ဒေသခံများက ပြောသည်။ (DVB 030611) Read More...

အခြားပါတီများ

- ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်ကိုယ်စားလှယ်များထဲမှ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအဖြစ် တာဝန်ထမ်းဆောင်နေကြရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ လစ်လပ်နေရာများအတွက် ဖြည့်ဆည်းရန် မကြာခင်တွင် ကျင်းပလာမည့် ကြားဖြတ်ရွေးကောက်ပွဲများအတွက် စိုးရိမ်ပူပန်မိကြောင်း အမျိုးသားဒီမိုကရေစီအင်အားစု NDF ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးခင်မောင်ဆွေက ပြောကြားလိုက်သည်။ (DVB 290511) Read More...
- နောက်တစ်ကြိမ် ထပ်မံခေါ်ယူမည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်တွင် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ လွှတ်တော်ကိုယ်စားလှယ်တို့မှ မေးခွန်းမေးခြင်းနှင့် အဆိုတင်သွင်းခြင်းတို့ကို ပြုလုပ်သွားမည်ဟု ပါတီဗဟိုအလုပ်အမှုဆောင် ဦးဟန်ရွှေက မေ ၃၀ ရက်တွင် ပေါ်ပြူလာနယူးစ်သို့ပြောသည်။ (Popular News 010611) Read More...
- အမျိုးသားဒီမိုကရေစီအင်အားစု NDF ပါတီ၏ နိုင်ငံရေးဦးဆောင်အဖွဲ့အား ဖျက်သိမ်းပြီး မူဝါဒရေးရာကော်မတီအဖြစ် ပြောင်းလဲဖွဲ့စည်းမှုကို မေလ ၂၈ ရက်တွင် ကျင်းပသော ပါတီ ဒုတိယအကြိမ်မြောက် ဗဟိုဦးစီးကော်မတီ အစည်းအဝေး၌ အတည်ပြုဆုံးဖြတ်ခဲ့သည်ဟု ပါတီဝင်တစ်ဦးက ပြောသည်။ (Popular News 010611) Read More...
- လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီက စတိသဘောဝင်ရောက် ယှဉ်ပြိုင်သွားရန်စဉ်းစားထားကြောင်းနှင့် ဝင်ရောက်ယှဉ်ပြိုင်ရန် မသေချာပါက ဒီမိုကရေစီအင်အားစု မိတ်ဆွေပါတီများကို ပံ့ပိုးပေးသွားမည်ဟု ပါတီပြောခွင့်ရ ဦးမျိုးညွန့်က ပြောသည်။ (Popular News 010611) Read More...
- ချင်းပြည်နယ် အစိုးရ ဝန်ကြီးနေရာများရရှိထားကြသည့် ချင်းပါတီ (၂) ခုက ဝန်ကြီးများသည် ဌာနအလုပ်လုပ်ကိုင်ခွင့် မရသေးသကဲ့သို့ အချို့သည် တာဝန်ယူရသည့် ဌာနဆိုင်ရာများနှင့်မသက်ဆိုင်သည့် ဌာနများတွင်ထည့်သွင်းထားကြောင်း CNP နှင့် CPP ခေါင်းဆောင်များက ပြောသည်။ (RFA 010611) Read More...
- ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် တိုင်းရင်းသားပါတီ ၅ ပါတီက သက်ဆိုင်ရာ တိုင်းရင်းသားဒေသများ၌ ၎င်းတို့မိခင်ဘာသာစကားပေအား ဘာသာရပ်တခုအဖြစ် သင်ကြားနိုင်ရေးအတွက် လာမည့်လွှတ်တော် အစည်း အဝေးများတွင် ထပ်မံတင်ပြသွားမည်ဖြစ်ကြောင်း မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဦးနိုင်ငွေသိန်းက ပြောသည်။ (Irrawaddy 020611) Read More...

- ရှမ်းတိုင်းရင်းသားများ တိုးတက်ရေးပါတီ SNDP က အများကြိုက်နှစ်သက်ဂျာနယ်တစ်စောင်အဖြစ် ကျန်းမာရေး၊ လူမှုရေးကဏ္ဍစုံ ပါဝင်ပြီး ပါတီ၏ လုပ်ရှားမှုအနည်းငယ် ထည့်သွင်းကာ စီးပွားရေးသဘောရ ထုတ်ဝေရန် စီစဉ်နေသည်ဟု ကျားဖြူပါတီ ဗဟို အလုပ်အမှု ဆောင်အဖွဲ့ဝင် ဒေါက်တာ စိုင်းကျော်အုန်းက ပြောသည်။ (BBC 030611) Read More...
- အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုများကို ရုပ်သိမ်းပေးရန် ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီ (၁၁) ပါတီက အမေရိကန်အထက်လွှတ်တော် မစ္စတာ ဂျွန်မက်ကိန်းနှင့်တွေ့ဆုံစဉ် တောင်းဆိုလိုက်သည်။ (DVB 020611) Read More...
- အစိုးရအနေဖြင့် အဆင်သင့် မဖြစ်သေး၍ စာရွက်ဝေဆန္ဒပြခြင်းကိုပင် ခွင့်မပြုနိုင်သေးသောကြောင့် ရွေးကောက်ပွဲ ရှုံးနိမ့်သူ ၄ ဦးက အကျဉ်းသား လွှတ်ပေးရန် တောင်းဆိုမည့် အစီအစဉ်မှာ ပျက်ပြားသွားသည်။ (Mizzima 030611) Read More...
- အမျိုးသားဒီမိုကရေစီ အင်အားစု NDF ပါတီအား ကိုယ်စားပြု၍ သင်္ဃန်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ဝင်ရောက် ယှဉ်ပြိုင် အနိုင်ရရှိခဲ့သူ ဦးသန်းညွန့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်အဖြစ် ပြောင်းလဲ သတ်မှတ်ပေးလိုက်သည်ဟု မေလ ၃၁ ရက် ရက်စွဲဖြင့် အကြောင်းကြားစာ ပေးပို့ထားကြောင်း NDF မှ ဦးခင်မောင်ဆွေက ပြောသည်။ (The Voice 030611) Read More...

## မီဒီယာအခန်းကဏ္ဍ

- အာဏာပိုင်တို့က အင်းစိန်ထောင် အစာငတ်ခံဆန္ဒပြမှုနှင့် ပတ်သက်သည့် ဂါဒဖြန့် သတင်းကို ရန်ကုန်အခြေစိုက် Flower News က အကျဉ်းသားများ၏ အစားအသောက်နှင့် ကျန်းမာရေး ကောင်းမွန်ရန် အကျဉ်းဦးစီးဌာနက အထူးဂရုစိုက်ထားသည်ဟူသော သတင်းကို (မေလ ၂၇)၊ လျှပ်တစ်ပြက် (မေ ၃၁) ဂျာနယ်တို့တွင် ဖော်ပြထားသည်။ (Irrawaddy 030611) Read More...
- အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းနှင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံခဲ့သည့် ဓာတ်ပုံများကို စာပေစိစစ်ရေးအဖွဲ့က သတင်းဂျာနယ်များတွင် ဖော်ပြခွင့်မပေးကြောင်း စာနယ်ဇင်း အသိုင်းအဝိုင်းနှင့် နီးစပ်သူတစ် ဦးက ပြောသည်။ (RFA 040611) Read More...

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) အစိုးရများ

- မြန်မာပြည်သူများ၏ အခြေအနေ တိုးတက်ကောင်းမွန်စေရေးအတွက် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးအပါအဝင် တိုးတက် မှုများရှိလာစေရန် မြန်မာအစိုးရ တာဝန်ရှိသူများနှင့် အဓိကတိုက်တွန်းသွားမည်ဟု မြန်မာနိုင်ငံကို လာ ရောက်မည့် အမေရိကန် ဆီးနိတ်လွှတ်တော်အမတ် ဂျွန်မက်ကိန်း (John McCain) က မေ ၃၀ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (VOA 300511) Read More...
- အမေရိကန် အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းသည် မြန်မာ့အရေး ခရီးစဉ်အစိတ်အပိုင်းတရပ်အဖြစ် မေလ ၃၁ ရက်နေ့က ထိုင်းနိုင်ငံအခြေစိုက် ဒီမိုကရေစီ အင်အားစု ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပြီး မြန်မာ့အရေးကိစ္စရပ်များ ဆွေးနွေးခဲ့ သည်။ (RFA 310511) Read More..., DVB...
- မြန်မာ့နိုင်ငံရေး အခြေအနေများ တိုးတက်လာစေရန်အတွက် စိတ်ရှည်ရှည်ထားရန် မြန်မာအစိုးရ၏ ပြောဆိုခဲ့မှုကို အချိန်ကြာ မြင့်စွာ စောင့်လာခဲ့သော်လည်း တိုးတက်မှုရှိမလာကြောင်း အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန် လက်ထောက် နိုင်ငံခြားရေး ဝန်ကြီး ကာ့တ် ကမ့်ပ်ဘဲလ် (Kurt Campbell) က ပြောဆိုလိုက်သည်။ (VOA 310511) Read More...
- ဇွန်လ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ မြန်မာနိုင်ငံကို သွားရောက်မည့် အရီဇိုးနား (Arizona) ပြည်နယ် ဂါရင့် ရီပတ်ဘလီကန်အမတ် ဂျွန်မက်ကိန်း (John McCain) ၏ ခရီးစဉ်အတွင်း မြန်မာနိုင်ငံမှာ ဒီမိုကရေစီပြုပြင် ပြောင်းလဲရေးနှင့် တိုင်းရင်းသား အခွင့်အရေး များကို တင်ပြဆွေးနွေးသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် မေလ ၃၁ ရက်နေ့က ကျင်းပခဲ့သည့် သတင်းစာ ရှင်းလင်းပွဲတွင် ပြောဆိုလိုက်သည်။ (VOA 310511) Read More...
- အစိုးရသစ်အနေဖြင့် ပြုပြင်ပြောင်းလဲလာမည့် ကတိကဝတ်များကို ပြသရန်အတွက် လာမည့် ဇွန်လအတွင်း နယ်ခရီးများထွက်မည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ပေးရန် တိုက်တွန်းလိုက်သည်ဟု ဇွန် ၁

ရက်နေ့တွင် မြန်မာနိုင်ငံသို့ သွားရောက်မည် အမေရိကန် အထက်လွှတ်တော် ရီပတ်ဘလီကန်အမတ် ဂျွန်မက်ကိန်း (John McCain) က ပြောဆိုလိုက်သည်။ (VOA 310511) Read More…

- ဇွန် ၁ ရက်နေ့တွင် နေပြည်တော်သို့ ရောက်ရှိလာသည့် အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းနှင့် ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တချို့တို့ တွေ့ဆုံပွဲတွင် အမေရိကန် ပြည်ထောင်စု၏ မြန်မာအပေါ် ပိတ်ဆို့ အရေးယူထားသည့် ကိစ္စနှင့် နှစ်နိုင်ငံ လွှတ်တော် အခြေအနေများကို ဆွေးနွေးခဲ့ သည်ဟု အစိုးရ၏ကတိကဝတ်ဆိုင်ရာ စိစစ်ရေးကော်မတီဥက္ကဋ္ဌ အမျိုးသား လွှတ်တော်အမတ် ဒေါက်တာအေးမောင်က ပြောသည်။ (RFA 010611) Read More…
- အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းသည် ဇွန်လ ၂ ရက်နေ့တွင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ဒု ဥက္ကဋ္ဌ ဦးတင်ဦး အပါအဝင် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားပြု ကော်မတီ(CRPP) အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ရာ မြန်မာ့ဒီမိုကရေစီအရေးကို ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်ဟု NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ (Irrawaddy 020611) Read More…
- အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း (John McCain) သည် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် NLD က ဖွင့်လှစ်ထားသော ရန်ကုန်တိုင်း တောင်ဒဂုံမြို့နယ်ရှိ HIV/AIDS ဝေဒနာသည်များ ကူညီစောင့်ရှောက်ရေး ဂေဟာသို့ ဇွန် ၂ ရက်နေ့တွင် တနာရီခန့်ကြာ သွားရောက်လေ့လာခဲ့ကာ မည်သို့မည်ပုံကူညီဆောင်ရွက်ရမည်ကို မေးမြန်းခဲ့ကြောင်း တောင်ဒဂုံ ဂေဟာတာဝန်ခံ မဖြူဖြူသင်းက ပြောသည်။ (Mizzima 020611) Read More… Irrawaddy, BBC…
- အမေရိကန် အစိုးရ၏ မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံရေး မူဝါဒတွင် စိန်ခေါ်မှု အများအပြားရှိနေပြီး ယင်းကိုကိုင်တွယ်ရာတွင် နိုင်ငံတကာ၏ ပူပေါင်းဆောင်ရွက်မှုများ လိုအပ်သည်ဟု အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ ဒုတိယ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဂျိုးဆက်ဖ်ယွန်း (Joseph Yun) က ဇွန် ၂ ရက်နေ့ အောက်လွှတ်တော် နိုင်ငံခြားရေး ကော်မတီ ကြားနာပွဲတွင် ပြောဆိုလိုက်သည်။ (VOA 020511) Read More…
- "မြန်မာ အရပ်သား အစိုးရသစ် အနေနဲ့ ဒီမိုကရေစီ လမ်းကြောင်းပေါ် တက်လှမ်းဖို့ လက်တွေ့ မလုပ်ပြသ၍တော့ မြန်မာ အစိုးရရဲ့ အာဆီယံ ဥက္ကဋ္ဌလုပ်ဖို့ ဆန္ဒရှိတာကို ကျမ စိုးရိမ်ပါတယ်။" ဟု ဂျာမန်ဝန်ကြီးချုပ် အန်ဂျလာ မာကဲလ် (Angela Merkel) က နိုင်ငံတကာ တွေ့ဆုံဆွေးနွေးပွဲ International Forum တွင် တိုက်တွန်းပြောဆိုလိုက်သည်။ (VOA 020511) Read More…
- နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ (ICRC) ကို မြန်မာနိုင်ငံတွင်းရှိ အကျဉ်းထောင်များသို့ ဝင်ရောက်ခွင့် ပြုနိုင်ဖွယ်ရှိကြောင်း အမေရိကန် အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းက ရန်ကုန်ရှိ အမေရိကန်စင်တာ၌ ဇွန်လ ၃ ရက်နေ့ နံနက်ပိုင်းက သတင်းစာရှင်းလင်းပွဲ ပြုလုပ်စဉ် ပြောဆိုခဲ့သည်။ (Irrawaddy 030611) Read More…
- မြန်မာအစိုးရအနေဖြင့် စစ်မှန်သော ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး သန္နိဋ္ဌာန်မရှိလျှင် အာရပ်ကမ္ဘာကဲ့သို့ တော်လှန်ရေးမျိုး ကြုံတွေ့ရ နိုင်ကြောင်း အမေရိကန် ဆီးနိတ်အမတ် ဂျွန်မက်ကိန်းက မြန်မာအစိုးရကို ဇွန်လ ၃ ရက်နေ့တွင် သတိပေးပြောကြားလိုက်သည်။ (Mizzima 030611) Read More…
- အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်းသည် မြန်မာနိုင်ငံ အထက်လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အောက်လွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်အပါအဝင် နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့နှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ကြရန် ဆွေးနွေးခဲ့သည်။ (RFA 030611) Read More…, VOA…
- မြန်မာနိုင်ငံက အခြေနေများသည် အားရကျေနပ်စရာ မရှိသေးသကဲ့သို့ လူ့အခွင့်ရေး အခြေနေများသည်လည်း ဆိုးဝါးဆဲဖြစ်ကြောင်း အမေရိကန် လက်ထောက် နိုင်ငံခြားရေး ဝန်ကြီး ဂျိုးဇက်ယွန်က ဇွန်လ ၂ ရက်နေ့က ပြောကြားလိုက်သည်။ (RFA 030611) Read More…
- အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှု ပြန်ရုပ်သိမ်းရေးကိစ္စသည် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအပေါ်မူတည်နေကြောင်း အမေရိကန် အထက်လွှတ်တော် အမတ် ဂျွန်မက်ကိန်းက ဦးသိန်းစိန်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ် ပြောဆိုခဲ့သည်ဟု မစ္စတာ ဂျွန်မကကိန်းက ပြန်လည်ပြောပြခဲ့ကြောင်း NLD ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်းနိုင်းက ပြောသည်။ (RFA 030611) Read More…

(ခ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- ကမ္ဘာတဝှမ်း လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ကျူးလွန်နေသည့် အဖိနှိပ်ဆုံး နိုင်ငံနှင့်ဒေသပေါင်း ၁၇ ခုထဲတွင် မြန်မာနိုင်ငံသည် နှစ်တိုင်းလိုလို ထပ်တလဲလဲ ဆက်လက်ပါဝင်နေသည်ဟု နိုင်ငံတကာက လွတ်လပ်ခွင့် အခြေအနေများကို စောင့်ကြည့် အကဲခတ်နေသည့် Freedom House အဖွဲ့က အစီရင်ခံစာတစ်စောင် ထုတ်ပြန်လိုက်သည်။ (VOA 010611) Read More…

***End of report/ Saturday, June 04, 2011***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***